# MIDNIGHT BLUE

မယ်ဂွင့်



# Midnight Blue

## မယ်လွင့်

## မမယ်လွင့်အတွက် အမှတ်တရ

မမယ်လွင့်က သူ့စာအုပ်အတွက် အမှာစာ ရေးပေးဖို့ ကျွန်တော့်ကို messenger ကနေ ပြောလာခဲ့တယ်။ ကျွန်တော်က ပြန်ပြောမိခဲ့၊ ကျွန်တော်ဟာ ဘာကောင်မှမ ဟုတ်လို့ အမှာစာ မရေး ပါရစေနဲ့လို့။ ဒါပေမဲ့ သူက တစ်ခွန်းပဲ ပြန်ပြောခဲ့၊ သူ့စာအုပ်မှာ သူ ရေးစေချင်တဲ့သူကို သူရေးခိုင်းမှာပဲတဲ့။ ဟုတ်ကဲ့၊ ကျွန်တော့်အနေနဲ့ ဒီစာဟာ အမှာစာ မဟုတ်ပါဘူး။ ကျွန်တော်နဲ့ ခင်မင် ရင်းနှီးတဲ့သူ တစ်ယောက်ရဲ့ Midnight Blue စာအုပ် အကြောင်း အမှတ်တရ ရေးပေးခြင်းပဲ ဖြစ်ပါတယ်။

Midnight Blue ထဲက အရေးအသား တွေထဲမှာ လိင်ပိုင်းဆိုင်ရာ အငွေ့အသက်တွေကို အများအပြား တွေ့ရှိရမှာ ဖြစ်ပါတယ်။ အပြာစာအုပ်တွေနဲ့ ယခုလို အရေးအသားတွေ အကြား ကွာခြားမှုတွေ ရှိပါတယ်။ ကွာခြားမှုတွေ ရှိတယ်လို့ ဆိုလိုရာမှာ အပြာစာအုပ် တွေကို မကောင်းတာအဖြစ် သတ်မှတ် လိုတာကြောင့် မဟုတ်ပါ။ ကျွန်တော် ကိုယ်တိုင်လည်း အပြာကား ကြည့်၊ အပြာ စာအုပ်ဖတ်တဲ့သူ တစ်ယောက် ဖြစ်တယ်။ ကျွန်တော် မေးခွန်းထုတ်လိုတာက ကျွန်တော်တို့ ဘာကြောင့် အပြာကား ကြည့်၊ အပြာစာအုပ် ဖတ်ကြသလဲ။ ရည်ရွယ်ချက်က ရှင်းပါတယ်၊ ကျွန်တော်တို့ တစ်ကိုယ်ရည် အာသာ ဖြေလိုတာကြောင့်၊ ကိုယ့်ရဲ့ မပြည့်ဝတဲ့ လိင်စိတ် ဆန္ဒတွေကို ဖြေဖျောက်ဖို့ အတွက် ဖြစ်တယ်။

ဒါပေမဲ့ Midnight blue ထဲက အရေးအသား တွေထဲ တွေ့ရှိရမယ့် လိင်ပိုင်းဆိုင်ရာ အရေး အသားတွေဟာ ခင်ဗျားကို သွေးသား ဆန္ဒတွေ ဖြစ်ပေါ်လာစေမှာ မဟုတ်ဘူး။ ပြောရရင် ခင်ဗျားဟာ လိင်စိတ်ထကြွနေတဲ့ အချိန်ဖတ်မိရင်တောင် ဘာတင်းမာမှုမှ မရှိတော့ဘဲ လိင်စိတ်တွေ လုံးဝပျောက်ဆုံး သွားနိုင်တယ်။ အဲဒီအစား အသူရာချောက် တစ်ခုတွင်း ပြုတ်ကျပြီး အဲဒီ ချောက် အမှောင်ထုထဲ အချိန် အတော်ကြာ လွင့်မျော နေသလို ခံစားရမှာ ဖြစ်တယ်။

ကျွန်တော်တို့ စာအုပ် ဘာကြောင့် ဖတ်ကြသလဲ။ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်ပါ။ ဘဝကို တိုးတက်ချင်လို့၊ သင်ခန်းစာတွေလိုချင်လို့၊ ဆုံးမတာခံချင်လို့ စသည်ဖြင့် ဆိုရင်တော့ ဒီစာအုပ်ဟာ ခင်ဗျားနဲ့ ကိုက်ညီမှုရှိမှာမဟုတ်ဘူး။ Midnight Blue ဟာ ခင်ဗျားကို ဘဝသင်ခန်းစာတွေ၊ ဆုံးမစာတွေ၊ တိုးတက်အောင် ပြုပြင်မှုတွေ ပေးမှာမဟုတ်ဘူး။ အဲဒီအစား ဘဝမှာ ဘာကြောင့် အသက်ရှင်နေထိုင် နေရသေးတာလဲအတွက် မေးခွန်းထုတ်မှုတွေ၊ လူတစ်ယောက်ရဲ့ အတွင်းထဲက မကွယ်မဝှက်တမ်း ခံစားချက်တွေ၊ လူတစ်ယောက် (ဝါ) အမျိုးသမီး တစ်ယောက်ရဲ့ ချစ်ခြင်းအပေါ် ထားတဲ့ အမြင်တွေကို ခံစားရမှာ ဖြစ်တယ်။

ဒါက ကျွန်တော့်အမြင် သက်သက်ပါပဲ။ ခင်ဗျားတို့အနေနဲ့ ဖတ်ပြီးတဲ့အခါ ခင်ဗျားတို့ မြင်ချင်သလို မြင်ကြမှာပဲ။ အဲဒါကို ကျွန်တော့်အနေနဲ့ ဘာမှပြောပိုင်ခွင့် မရှိ။ လူဆိုတာ ကိုယ့်အတွေးနဲ့ကိုယ်၊ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်၊ ကိုယ့်လမ်းကိုယ်လျှောက် နေထိုင်သွားကြရ တာပဲမလား။ ကိုယ့်လမ်းကိုယ်လျှောက်ရင်း၊ လမ်းမှာ အမှတ်တမဲ့ ဆုံမိကြတဲ့အခါ အမုန်းတရားတွေ မရှိဘဲ ချစ်ခြင်းမေတ္တာတွေနဲ့ တစ်ယောက်ကို တစ်ယောက် ပြုံးပြဖို့ ဆန္ဒပြုလျက်။

မြတ်သန်း

၁၉၊ ၁၄၊ ၂၀၂၀

***